# တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု တစ်ပေါင်းတည်းကျော်လွှားခြင်း– မြန်မာနိုင်ငံ၏ **COVID-19** စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် **(CERP)** ကို ပံ့ပိုးကူညီရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍ

ဇူလိုင် ၂၀၂၀

ရေးသားသူများ–**Dan Jollans & James Owen**

The Asia Foundation

RENAISSANCE INSTITUTE

## ၁။ မိတ်ဆက်

ကမ္ဘာတစ်ဝှမ်းလုံးတွင် COVID–19 ကပ်ရောဂါသည် အစိုးရများ၏ ထိရောက်သောတုံ့ပြန်ဆောင်ရွက်ချက်များ၏ တန်ဖိုးကို ပြသခဲ့ပြီးဖြစ်ပါသည်။ COVID–19 ၏ စီးပွားရေးအပေါ်သက်ရောက်မှုအရွယ်အစားမှာ မကြုံစဖူးဖြစ်ပါသည်။ အချို့သောနိုင်ငံများတွင် စီးပွားရေးမှာ ၁၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပြီး၊ မြန်မာနိုင်ငံတွင်လည်း ကဏ္ဍစုံတွင် ထိခိုက်မှုများကြောင့် ၂၀၁၉–၂၀ ဘဏ္ဍာရေးနှစ်အတွက် ဂျီဒီပီတိုးတက်နှုန်းကို ယခင် ၇ ရာခိုင်နှုန်းမှ ၄.၃ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းထားပါသည်။[၁] စပိန်နိုင်ငံမှသည် စင်္ကာပူ၊ တောင်ကိုရီးယားတိုင်အောင် အစိုးရများသည် ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးနှင့်စီးပွားရေးဆိုင်ရာ ထိခိုက်မှုများမှ နိုင်ငံသားများကိုကာကွယ်ပေးရန်အတွက် မကြုံစဖူး အတိုင်းအတာများဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ကြပါသည်။ ပြီးခဲ့သည့် ၆ လအတွင်းက ဖြစ်လာနိုင်ခဲ့ဖွယ်မရှိသော မူဝါဒများ (လူတစ်ဦးချင်းအကြား ခွာ၍နေထိုင်ခြင်း မူဝါဒများ၊ ငွေကြေးထောက်ပံ့မှုမူဝါဒများ)ကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာခဲ့ကြသည်။

မြန်မာနိုင်ငံတွင် မကြာသေးမီကထုတ်ပြန်ခဲ့သော အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း – COVID–19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (COVID–19 Economic Relief Plan) တွင် COVID–19 နှင့် စပ်လျဉ်းသည့် အစိုးရ၏ စီးပွားရေးအရ တုံ့ပြန်ဆောင်ရွက်မှုများကို ဖော်ပြထားပါသည်။ အဆိုပါစီမံချက်တွင် တစ်ကိုယ်ရည်ကာကွယ်ရေး ဝတ်စုံများ (PPE) ဝယ်ယူစုဆောင်းခြင်းမှသည် အိမ်ထောင်စုများအား ငွေကြေးထောက်ပံ့ခြင်းအထိ လုပ်ငန်းစဉ်များ ပါဝင်သည်။ CERP သည် COVID–19 ကို တုံ့ပြန်ဆောင်ရွက်ရာတွင် ရည်ရွယ်ချက်ကြီးမားသော စီးပွားရေးအရ တုံ့ပြန်မှု စီမံချက်တစ်ခုဖြစ်ပြီး၊ အစိုးရဌာနအသီးသီးအကြား ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ရာတွင် အထောက်အကူပြုစေမည့် မူဘောင်တစ်ခုလည်း ဖြစ်ပါသည်။

CERP သည် အသုံးဝင်သည့် စမှတ်တစ်ခုဖြစ်သော်လည်း ၎င်းကို ပိုမိုကျယ်ပြန့်နက်နဲသော လက်တွေ့မူဝါဒအကောင်အထည်ဖော်မှုများနှင့် တွဲဖက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ CERP သည် ရည်ရွယ်ချက်ကြီးမားသောမူဝါဒများကို ဖော်ပြထားရာတွင် အနှစ်ချုပ်ကိုသာဖော်ပြထားခြင်းဖြစ်ပြီး အဆိုပါမူဝါဒများအား မည်သို့ အသေးစိတ်အကောင်

အထည်ဖော်သင့်သည်ကို ချန်လှပ်ထားခဲ့ပါသည်။ ယခုအစီရင်ခံစာတွင် အဓိကဆွေးနွေးချက်နှစ်ခုပါဝင်သည်။ ပထမ အချက်မှာ CERP သည် COVID-19 ကို တုံ့ပြန်ရာတွင် အစိုးရဌာနများအကြား ခိုင်မာသောအခြေခံမူတစ်ခုကို ဖော်ထုတ် သတ်မှတ်ပေးထားပါသည်။ ၎င်းအရ COVID-19 နှင့်စပ်လျဉ်းသည့် ရှင်းလင်းသော စီးပွားရေးမူဝါဒတစ်ခုကို ချမှတ် ထားပြီး အဆိုပါမူဝါဒနှင့်ဆက်စပ်၍ အခြားသောကဏ္ဍအလိုက် မူဝါဒများနှင့် တုံ့ပြန်ဆောင်ရွက်မှုများကို အားဖြည့် ပေးနိုင်စေမည်ဖြစ်သည်။ ဒုတိယအချက်မှာ CERP အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည် ထောင်စုအစိုးရ၏ တုံ့ပြန်ဆောင်ရွက်ချက်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အင်တိုက်အားတိုက် တုံ့ပြန် ဆောင်ရွက်ချက်များက အထောက်အကူပြုပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဆိုးရွားသော စီးပွားရေးရိုက်ခတ်မှု ဒဏ်ကို ခံရနိုင်ခြေရှိပြီး၊ မကြုံစဖူး မူဝါဒအသစ်များကို ပြည်ထောင်စုအစိုးရက လုပ်ဆောင်နေရသည့်အချိန်တွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်စွမ်းဆောင်ရည်များ၊ ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများကို ထည့်သွင်းအသုံးပြု၍ ဝိုင်းဝန်းပံ့ပိုးရန် အလွန်အရေးကြီးပါသည် (ဘောင်ကွက် ၁ တွင်ရှု)။

> **မြန်မာနိုင်ငံတွင် ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်အတွက် GDP တိုးတက်နှုန်းကို ၄.၃ ရာခိုင်နှုန်းသို့ လျှော့ချခန့်မှန်းထားပါသည်။**

ဤအစီရင်ခံစာ၏ အခန်း ၂ တွင် CERP ၏ ပန်းတိုင် ၇ ခုမှ ပန်းတိုင်တစ်ခုချင်းစီသည် တိုင်းဒေသကြီး/ပြည်နယ် အစိုးရ များနှင့် မည်သို့ဆက်စပ်လျက်ရှိသည်ကို ဆန်းစစ်သုံးသပ်ကာ CERP တွင် ပါဝင်သည့်အချက်များကို အသေးစိတ် ဆွေးနွေးထားပါသည်။ အခန်း ၃ တွင် COVID-19 ကို တုံ့ပြန်ရာ၌ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် CERP ပါ ပြဋ္ဌာန်းချက်များနှင့် ပေါင်းစပ်ကာ မြန်ဆန်တိကျစွာ ဆောင်ရွက်နိုင်မည့် အကြံပြုချက် ၃ ခုကို ဖော်ပြထားပါသည်။ အခန်း ၄ တွင် နိဂုံးချုပ်ဆွေးနွေးထားပါသည်။

### ဘောင်ကွက် (၁)

### ကမ္ဘာတစ်ဝှမ်းရှိ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ထားသည် COVID-19 တုံ့ပြန်ဆောင်ရွက်မှုများ

နိုင်ငံတကာအဆင့်တွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရများသည် COVID-19 ကို တုံ့ပြန်ဆောင်ရွက်ရာ၌ ကြိုတင်စီမံမှုရှိပြီး ဒေသအလိုက် သင့်လျော်သည့် တုံ့ပြန်ဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိကြသည်။ ဗဟို ချုပ်ကိုင်မှုလျှော့ချထားသည့် အုပ်ချုပ်စီမံမှုတွင် ဒေသဆိုင်ရာအစိုးရများသည် ဗဟိုအစိုးရ မူဝါဒချမှတ်သူများ နှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ၎င်းတို့ဒေသနှင့်လျော်ညီသည့် ကိုယ်ပိုင်မူဝါဒများ ချမှတ်ခြင်းတို့တွင် အရေးပါသော အခန်းကဏ္ဍ၌ ရှိနေသည်။ ဥပမာ -

အိန္ဒိယနိုင်ငံရှိKeralaပြည်နယ်အစိုးရသည်ပြည်သူ့ကျန်းမာရေးဆိုင်ရာအစီအမံများမြန်မြန်ဆန်ဆန်ချမှတ်ခဲ့ခြင်း နှင့် ပြည်နယ်တစ်ဝှမ်းလုံးတွင် ပေါင်းစပ်ညှိနှိုင်းကာ တုံ့ပြန်ခဲ့ခြင်းတို့ကြောင့် ကပ်ရောဂါကာလတွင် ထောင်ပေါင်း များစွာသော အသက်များကို ကယ်ဆယ်နိုင်ခဲ့သည်ဟု ချီးမွမ်းခံရပါသည်။ အခြားသော ပြည်နယ်များသည် Kerala ပြည်နယ်အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများကို လေ့လာကာ၊ အလေ့အထကောင်းများကို အတုယူဆောင်ရွက် ကြရပါသည်။[၂]

ဂျာမနီနိုင်ငံတွင် ဖက်ဒရယ်အစိုးရသည် ဒေသဆိုင်ရာအစိုးရများ လိုက်နာရမည့် COVID-19 နှင့် စပ်လျဉ်းသည့် အခြေခံအကြံပြုချက်များကို ထုတ်ပြန်ထားပါသည်။ ထိုသို့ထုတ်ပြန်ထားသည့်တိုင် ဒေသဆိုင်ရာ အစိုးရများက ၎င်းတို့၏ ဒေသနှင့်ကိုက်ညီမှုရှိစေမည့် ပိုမိုတင်းကြပ်သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အစီအမံများကို ထပ်မံ ချမှတ်ခဲ့ပါသည်။[၃] ဂျာမနီ ဖက်ဒရယ်အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူပြုအစီအစဉ်များအပြင် ဒေသဆိုင်ရာအစိုးရများကလည်း ၎င်းတို့ကိုယ်ပိုင် စီးပွားရေးအစီအမံများကို ချမှတ်ခဲ့ရာ စုစုပေါင်း ယူရို ၁၄၁ သန်း ကို ပြည်သူများထံ တိုက်ရိုက်ထောက်ပံ့ပြီး၊ ယူရို ၆၃ သန်းကို ပြည်နယ်အစိုးရ၏ ချေးငွေအာမခံများအဖြစ် ထားရှိခဲ့ပါသည်။[၄]

ယူဂန်ဒါနိုင်ငံတွင် မကြာသေးမီက ထုတ်ပြန်ခဲ့သော ဖြည့်စွက်ဘတ်ဂျက်အစီအစဉ်အောက်တွင် ဒေသဆိုင်ရာ အစိုးရများ၏ COVID-19 ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များအတွက် အမေရိကန်ဒေါ်လာ ၁၆ သန်းကို ခွဲဝေပေးခဲ့ပါသည်။ COVID-19 အား တုံ့ပြန်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအစိုးရများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဥပမာ - ထောက်ပံ့မှုလိုအပ်သည့် အိမ်ထောင်စုများအား ဖော်ထုတ်သတ်မှတ်ခြင်း၊ နိုင်ငံတော်အဆင့် စားသောက်ကုန်ဝေငှခြင်းအစီအစဉ်များတွင် နယ်မြေဒေသအလိုက် ကြီးကြပ်ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါသည်။[၅]

## ၂။ COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) သည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအတွက် မည်သို့ သက်ဆိုင်ပါသနည်း။

CERP တွင် ပန်းတိုင် ၇ ခု၊ မဟာဗျူဟာ ၁၀ ခု၊ အဓိကလုပ်ငန်းစဉ် ၃၆ ခုနှင့် လုပ်ဆောင်ချက် ၇၆ ခုတို့ ပါဝင်သည်။ ဤအခန်းတွင် CERP ပါ ပန်းတိုင် ၇ ခုအား တိုင်းဒေသကြီး/ပြည်နယ်များ၏ ရှုထောင့်မှ သုံးသပ်ထားခြင်းဖြစ်ပါသည်။

CERP ၏ ပန်းတိုင် ၇ ခုအား အကောင်အထည်ဖော်ခြင်းနှင့် လိုအပ်ချက်နှင့်ကိုက်ညီအောင် ချိန်ညှိပြင်ဆင်ခြင်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ CERP သည် "အခြေအနေနှင့်အချိန်အခါပေါ်မူတည်၍ လိုက်လျောညီထွေဖြစ်စေရန် လိုအပ်သလို အစဉ်ပြင်ဆင်မွမ်းမံသွားမည့်စာတမ်း (Living Document)" ဖြစ်ပါသည်။ CERP ၏ ဖြစ်ပေါ်တိုးတက်လာမှုများ၊ ယင်းအား မွမ်းမံပြင်ဆင်ရေးဆွဲခြင်း နှင့် မြေပြင်အခြေအနေများကို ထင်ဟပ်လျက် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့တွင် တိုင်းဒေသကြီး/ပြည်နယ်များသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အရေးကြီးပါသည်။

### ပန်းတိုင် ၁ - ငွေကြေးဆိုင်ရာကူစားမှုများ ဆောင်ရွက်ခြင်းဖြင့် မက်ခရိုစီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်စေခြင်း

- **အနှစ်ချုပ်**

ပန်းတိုင် ၁ သည် COVID-19 ၏ သက်ရောက်မှုများအား ငွေကြေးဆိုင်ရာမူဝါဒမှတစ်ဆင့် တုံ့ပြန်ဆောင်ရွက်ရန် ဦးတည်ထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အတိုးနှုန်းများကို လျှော့ချပေးခဲ့ပြီး၊ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများထံ ပိုမိုငွေထုတ်ချေးပေးနိုင်စေရေးအတွက် ပုဂ္ဂလိကဘဏ်များကို မက်လုံးပေးသည့် အပြောင်းအလဲများအား စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ရွယ်ချက်မှာ COVID-19 ၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ဝယ်လိုအား ကျဆင်းသွားမှုကို

ကာကွယ်နိုင်ရန်အတွက် စီးပွားရေးကဏ္ဍအတွင်းသို့ ငွေကြေးများ သွက်လက်စွာ စီးဝင်လည်ပတ်လာစေရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အသုံးစရိတ်နှင့် ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာစေရန်အတွက် ၂၀၂၀ ပြည့်နှစ်ကုန် မတိုင်မီတွင် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ထားပြီး ဖြစ်ပါသည်။

## ဤပန်းတိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအတွက် မည်သို့သက်ဆိုင်မှု ရှိပါသနည်း။

ငွေကြေးမူဝါဒသည် ပြည်ထောင်စုအစိုးရ၏ တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် ဤပန်းတိုင်ကို အထောက်အကူပြုရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများလုပ်ဆောင်နိုင်သည့် နယ်ပယ်မှာ အကန့်အသတ်ဖြင့်သာ ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ လုပ်ဆောင်နိုင်သည့်အချက်တစ်ခုမှာ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုရှိသည့် ဗဟိုဘဏ်၏မူဝါဒများကို စောင့်ကြည့်ကာ၊ အဆိုပါ မူဝါဒများအား အသုံးပြုခြင်းဖြင့် ရည်ရွယ်ထားသော ရလဒ်များ ထွက်ပေါ်လာခြင်း ရှိ၊ မရှိကို ပြည်ထောင်စုအစိုးရထံ ပြန်လည်တင်ပြနိုင်ပါသည်။

# ပန်းတိုင် ၂ – ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းကဏ္ဍများ ပိုမိုလွယ်ကူချောမွေ့စေခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍအပေါ် သက်ရောက်မှုများ လျော့နည်းစေခြင်း

## အနှစ်ချုပ်

CERP ၏ ပန်းတိုင် ၂ တွင် ပုဂ္ဂလိကကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းကဏ္ဍတို့အပေါ် COVID-19 ၏ သက်ရောက်မှုများနှင့် ရိုက်ခတ်မှုများကို လျော့နည်းစေမည့်အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာ ကုန်သွယ်မှုကဏ္ဍကိုမြှင့်တင်မည့်အစီအစဉ်များကို ချမှတ်ထားပါသည်။ ထိုပန်းတိုင်အား အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများ၏ ပုဂ္ဂလိကအသုံးစရိတ်ကျဆင်းမှုကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် အစိုးရက ၎င်း၏ အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲရန် အစီအစဉ်ချမှတ်ထားပါသည်။ ပုဂ္ဂလိကကဏ္ဍရှိ လုပ်ငန်းများအပေါ် အားပေးထောက်ပံ့ရန် အစီအမံများတွင် အခွန်သက်သာခွင့်ပေးသည့် အစီအစဉ်များ၊ အတိုးနှုန်းသက်သာသည့် ချေးငွေ အစီအစဉ်များ ပါဝင်သည်။

CERP၏ပန်းတိုင်၂တွင်ပြည်ထောင်စုအစိုးရအနေဖြင့်ပုဂ္ဂလိကကဏ္ဍအားအထောက်အကူပြုမည့်အစီအမံများဖြစ်သည့် အခွန်/အခကြေးငွေပေးဆောင်ရမှုကို ရွှေ့ဆိုင်းပေးခြင်း၊ အများပြည်သူဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ တိုးမြှင့်လုပ်ဆောင်ခြင်း၊ ပို့ကုန်လုပ်ငန်းရှင်များကို ဘဏ္ဍာငွေပံ့ပိုးပေးခြင်း စသည်တို့ကိုဆောင်ရွက်ထားပါသည်။ နောက်ဆုံးရရှိသော အချက်အလက်များအရ အဆိုပါ အစီအမံများမှာ လက်တွေ့ရင်ဆိုင်နေရသည့် အခက်အခဲများအား ဖြေရှင်းရာတွင် အဓိကလိုအပ်ချက်များ ဖြစ်ပါသည်။ အာရှဖောင်ဒေးရှင်းက မကြာသေးမီက ကောက်ယူခဲ့သော စစ်တမ်းတစ်ခု၏ တွေ့ရှိချက်များအရ စီးပွားရေးလုပ်ငန်းများအနက်မှ တစ်ဝက်ခန့်သည် ကပ်ရောဂါကာလအတွင်း ၎င်းတို့၏ ရှင်သန်ရပ်တည်မှုအတွက် စိုးရိမ်လျက်ရှိကြပြီး၊ စီးပွားရေးလုပ်ငန်းအများအပြားမှာလည်း ငွေကြေးစီးဆင်းမှုဆိုင်ရာပြဿနာများကို အကြီးအကျယ် ရင်ဆိုင်နေကြရပါသည်။[၆]

## ဤပန်းတိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအတွက် မည်သို့ သက်ဆိုင်မှု ရှိပါသနည်း။

ပန်းတိုင် ၂ အောက်တွင် ဖော်ပြထားသည့် လုပ်ငန်းစီမံချက်များသည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စီးပွားရေးလုပ်ငန်းများ လွန်စွာလိုအပ်လျက်ရှိသည့် အထောက်အပံ့များကို မီးမောင်းထိုးပြလျက် ရှိပါသည်။ သို့သော်လည်း အဆိုပါအထောက်အပံ့များသည် လက်တွေ့လည်ပတ်နေသည့် စီးပွားရေးလုပ်ငန်းများထံသို့ ရောက်ရှိမှ

သာ တိုင်းဒေသကြီး နှင့် ပြည်နယ်များအနေဖြင့် အကျိုးကျေးဇူးခံစားရမည် ဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၈ မှ မေလ ၁၀ ရက်အတွင်း အာရှဖောင်ဒေးရှင်းက စီးပွားရေးလုပ်ငန်းပေါင်း ၇၅၀ အား စစ်တမ်းကောက်ယူခဲ့ရာတွင် စီးပွားရေးလုပ်ငန်းများအနက်မှ သုံးပုံနှစ်ပုံခန့်မှာ ပြည်ထောင်စုအစိုးရက ထောက်ပံ့သည့် ငွေကြေးအထောက်အပံ့များ နှင့် ပတ်သက်၍ မသိရှိကြသည်ကို တွေ့ရပါသည်။[၇] တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရ၏ မူဝါဒများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိကြစေရန် ပြန်လည်ဖြန့်ဝေပေးရာတွင် ထောက်ပံ့ကူညီရမည် ဖြစ်ပါသည်။ ဥပမာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရများသည် ပြည်ထောင်စုအဆင့် လမ်းညွှန်ချက်များကို ဒေသတွင်းစီးပွားရေးလုပ်ငန်းများထံ ပြန်လည်ဖြန့်ဝေပေးခြင်း၊ ဒေသဆိုင်ရာ သတင်းမီဒီယာများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ဖြင့် ပန်းတိုင် ၂ ပါ လုပ်ငန်းစီမံချက်များကို အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါသည်။

CERP ၏ပန်းတိုင် ၂ သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘတ်ဂျက်အပေါ်တွင် သွယ်ဝိုက်သက်ရောက်မှုများရှိပါ သည်။ ပြည်ထောင်စုအစိုးရက ပုဂ္ဂလိကကဏ္ဍအတွက် ထောက်ပံ့ကူညီခြင်းများ ဆောင်ရွက်နေသလို တိုင်းဒေသကြီး နှင့် ပြည်နယ်အဆင့်တွင်လည်း ပုဂ္ဂလိကကဏ္ဍအတွက် အလားတူ ငွေကြေးထောက်ပံ့မှုမျိုးဖြင့် တွဲဖက်ဆောင်ရွက် မည်ဆိုပါက ထိရောက်မှုအရှိဆုံး ဖြစ်နိုင်ပါသည်။ အချို့သောမြို့နယ်များတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ် ဘတ်ဂျက် ၂ ခု လုံးမှ သုံးစွဲသည့် ငွေလုံးငွေရင်းအသုံးစရိတ်၏ ၉၀ ရာခိုင်နှုန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့်အစိုးရများက တာဝန်ယူရသည်ဖြစ်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများ၏ ဘတ်ဂျက်အသုံးစရိတ်က စီးပွား ရေးပြန်လည်နာလန်ထူလာစေခြင်းတွင် မြန်ဆန်မှုရှိရန်နှင့် စဉ်ဆက်မပြတ်ရှိရန်တို့အပေါ် သက်ရောက်မှုများရှိမည် ဖြစ်ပါသည်။[၈] တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် အမျိုးမျိုးသော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ ဘတ်ဂျက်ဦးစားပေးများကို ပြန်လည်ညှိနှိုင်းပြင်ဆင်နိုင်ပါသည်။ ဥပမာ ဝယ်လိုအားမြင့်တက်လာစေရန် အတွက် ငွေလုံးငွေရင်းအသုံးပြုရသည့် စီမံကိန်းများ ချဲ့ထွင်ဆောင်ရွက်ခြင်း သို့မဟုတ် အရှိန်အဟုန် မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။[၉] မွန်ပြည်နယ်အစိုးရသည် ယင်း၏ဘတ်ဂျက်အား ပြန်လည်ညှိနှိုင်းပြင်ဆင်သည့် အစီအမံများကို ဆောင်ရွက်ခဲ့ရာတွင် COVID–19 ကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးရိုက်ခတ်မှုများကို ကာကွယ်ရန်ရည်ရွယ်လျက် ငွေလုံးငွေရင်းအသုံးစရိတ်များကို သိသာစွာ တိုးမြှင့်သုံးစွဲခဲ့ပါသည်။

COVID–19 အား တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဘတ်ဂျက်များအား ပြန်လည် ညှိနှိုင်းပြင်ဆင်ခြင်းဖြင့် ဒေသဆိုင်ရာ စီးပွားရေးပြန်လည်ကောင်းမွန်လာရေးကို အထောက်အကူပြုနိုင်ပြီး၊ ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးတည်ချက်များကိုလည်း အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်ပါသည်။ ရေတိုကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ငွေလုံးငွေရင်း စီမံကိန်းများနှင့် အသုံးစရိတ်များကို တိုးချဲ့သုံးစွဲခြင်းသည် ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အသုံးစရိတ်တိုးမြှင့်သုံးစွဲနေခြင်းကို တွဲဖက် အထောက်အကူပြုမည်ဖြစ်ပြီး၊ COVID –19 ကြောင့် ပုဂ္ဂလိကကဏ္ဍအပေါ်တွင် ထိခိုက်မှုများကို ပြန်လည်ကာကွယ်ရန်လည်း အထောက်အပံ့ဖြစ်စေမည်ဖြစ် ပါသည်။ ကာလရှည်တွင် ရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာစေရေးအတွက် ပြည်ထောင်စုအစိုးရ၏ ထောက်ပံ့မှု သည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဦးတည်ချက်များကို ပြန်လည်ပုံဖော်ပေးနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်လာ မည်ဖြစ်ပါသည်။ ဥပမာ အခြေခံအဆောက်အအုံကဏ္ဍအတွက် မဟာဗျူဟာကျ ရင်းနှီးမြှုပ်နှံမှုများသည် တိုင်းဒေသ ကြီးနှင့် ပြည်နယ်များအတွက် ရေရှည်အကျိုးရလဒ်များကို ပေါ်ထွက်လာစေမည်ဖြစ်ပါသည်။ ဘတ်ဂျက်ဦးစားပေး အသုံးစရိတ်များပြန်လည်သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် အသေးစိတ်အကြံပြုချက်များကို အခန်း(၃)တွင် ဖော်ပြထား ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက်ပါ ဦးစီးဌာနများသည် CERP ၏ ပန်းတိုင် ၂ အား ထောက်ပံ့အားပေးရာတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေနှင့်ပြီးဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက စီမံခန့်ခွဲသော စည်ပင်သာ ယာရေးအဖွဲ့များနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများသည် မြို့ပြများတွင် ပုဂ္ဂလိကကဏ္ဍကို ဆက်လက်

ထောက်ပံ့လျက်ရှိပါသည်။ စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများသည် ရေပေးဝေခြင်း၊ အမှိုက်သိမ်းဆည်းခြင်းစသော နေ့စဉ်မြို့ပြဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး၊ အများပြည်သူဆိုင်ရာနေရာများတွင် ပိုးသတ်ဆေးဖြန်းခြင်း၊ ဈေးများတွင် လူတစ်ဦးချင်းအကြားခွာခြားနေထိုင်စေခြင်း အစီအမံများကို စီမံခန့်ခွဲခြင်းစသော အရေးကြီးသည့် လုပ်ငန်းတာဝန်အသစ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ပန်းတိုင် ၃ – အလုပ်သမားများအပေါ် ဆိုးကျိုးသက်ရောက်မှုလျော့နည်းစေရန် ဆောင်ရွက်ခြင်း

### ● အနှစ်ချုပ်

CERP ၏ ပန်းတိုင် ၃ သည် COVID-19 ကြောင့် ဆိုးကျိုးများ ခံစားနေရသော အလုပ်သမားများကို ထောက်ပံ့ကူညီပေးရန် ရည်ရွယ်ထားပါသည်။ ကပ်ရောဂါကာလတွင် နိုင်ငံတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရပါသည်။ အလုပ်သမားအများအပြားသည်လည်း COVID-19 ၏ ရိုက်ခတ်မှုဒဏ်ကို ခံရနိုင်ဖွယ်ရှိသည့် မရေရာသော အလုပ်အကိုင်များတွင် ဆက်လက်လုပ်ကိုင်နေကြရပါသည်။ ပန်းတိုင် ၂ အောက်တွင် ဖော်ပြထားသော လုပ်ငန်းစီမံချက်များသည် အလုပ်သမားများကို တစ်ဖန်ပြန်လည် အထောက်အပံ့ပေးနိုင်မည့် စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုပေးရန် ရေးဆွဲထားခြင်းဖြစ်ပါသည်။ ယခု ပန်းတိုင် ၃ တွင်မူ အလုပ်သမားများအပေါ် တိုက်ရိုက်သက်ရောက်မှု ဖြစ်နိုင်စေမည့် အစီအမံများကို ဖော်ပြထားပါသည်။ လူမှုဖူလုံရေးအဖွဲ့၏ အထောက်အပံ့ခံစားခွင့်ရှိသော အလုပ်သမား ၁.၅ သန်းခန့်အား ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် အစီအမံများကို ဖော်ပြထားပြီး၊ ကာလတိုတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်အတွက် လုပ်သားအင်အား အသုံးပြုရသည့် အခြေခံအဆောက်အအုံစီမံကိန်းများ စတင်ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ဖော်ပြထားသည်။[၁၀]

အဆိုပါ အစီအမံများသည် COVID-19 ၏ ရိုက်ခတ်မှုဒဏ်များကို လျော့ပါးစေရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ယင်းအစီအမံများသည် ကာလတိုတွင် အလုပ်သမားများ၏ လူမှုဖူလုံရေးကို ကာကွယ်ပေးခြင်းနှင့် အလုပ်သမားများအား အလုပ်အကိုင် ဆက်လက်ရရှိစေခြင်းဖြင့် ကျွမ်းကျင်မှုများ ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သလို ရေရှည်တွင် မိသားစုများနှင့် လူမှုအသိုက်အဝန်းများအပေါ်တွင် ရိုက်ခတ်လာမည့် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာဆိုးကျိုးများကို တားဆီးနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

### ● ဤပန်းတိုင်က တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများအတွက် မည်သို့သက်ဆိုင်မှု ရှိပါသနည်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် အလုပ်သမားများကို တိုက်ရိုက်သော်လည်းကောင်း (ဥပမာ – အစိုးရဝန်ထမ်းများ)၊ သွယ်ဝိုက်၍သော်လည်းကောင်း (ဥပမာ – ဒေသခံကန်ထရိုက်တာများက ငှားရမ်းသော နေ့စားအလုပ်သမားများ) ထောက်ပံ့ပေးပြီးဖြစ်သည်။ CERP ၏ ပန်းတိုင် ၃ သည် COVID-19 ကြောင့် ရိုက်ခတ်မှုခံရသော အလုပ်သမားများအား ကာကွယ်ပေးရန် အရေးကြီးပုံကို အလေးပေးထားကာ၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းအသစ်များကို ဖန်တီးပေးရန်လည်းအားထုတ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ ယင်းတို့သည် စီးပွားရေးဝန်းကျင်တိုးတက်လာစေရန် ရည်ရွယ်လုပ်ဆောင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဆောင်ရွက်ချက်များမှတစ်ဆင့်ဖြစ်ပေါ်လာနိုင်သကဲ့သို့ လတ်တလောနှင့် တိုက်ရိုက် ထောက်ပံ့မှုများမှတစ်ဆင့်လည်း ဖြစ်ပေါ်လာနိုင်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများသည် ဒေသဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းများကို ဖြစ်ပေါ်စေသော ဒေသန္တရအဆင့် အခြေခံအဆောက်အအုံစီမံကိန်းအမျိုးမျိုးတို့ကို ကြီးကြပ်လျက်ရှိသည်။ ပန်းတိုင် ၃ အား အမြန်ဆုံး အထောက်အကူပြုနိုင်မည့်နည်းလမ်းမှာ လုပ်သားအင်အား အများဆုံးအသုံးပြုရသည့် စီမံကိန်းများကို အရှိန်အဟုန်ဖြင့်

ဆောင်ရွက်ခြင်း သို့မဟုတ် ချဲ့ထွင်ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် စီမံကိန်းအသစ်များ ဖော်ဆောင်ရန်လည်း အခွင့်အလမ်းများ ရှိလာနိုင်ပါသည်။ ထိုကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ၎င်းတို့၏ ဒေသဆိုင်ရာကွန်ယက်များကို အသုံးပြု၍ COVID-19 ၏ ရိုက်ခတ်မှုဒဏ်ကို ပြင်းထန်စွာခံစားရသည့် ကဏ္ဍများနှင့် နယ်မြေဒေသများတွင် အများပြည်သူဆိုင်ရာအခြေခံအဆောက်အအုံများကို ဦးစားပေးအကောင်အထည်ဖော်နိုင်ပါသည်။

လာမည့်လများအတွင်း အများပြည်သူဆိုင်ရာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ ချဲ့ထွင်ဆောင်ရွက်ရာ၌ လက်တွေ့တွင် အခြားသောအန္တရာယ်နှင့် စိန်ခေါ်မှုများ ရှိလာနိုင်ပါသည်။ ဥပမာ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အလုပ်သမားများက COVID-19 ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာအစီအမံများနှင့်အညီ လိုက်နာနေထိုင်၍ လုပ်ငန်းဆောင်ရွက်ကြစေရန် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး၊ မိုးရာသီအတွင်း ဖြစ်ပေါ်လာနိုင်သည့် အခြားသောစိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် တီထွင်ဆန်းသစ်သောနည်းလမ်းများကို အသုံးပြုရန် လိုအပ်မည်ဖြစ်ပါသည်။

## ပန်းတိုင် ၄ - အိမ်ထောင်စုများအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့နည်းစေရန် ဆောင်ရွက်ခြင်း

### • အနှစ်ချုပ်

COVID-19 ၏ လူသားများအပေါ် သက်ရောက်မှုများကို အိမ်ထောင်စုများတွင် အများဆုံးတွေ့ရသည်။ CERP ၏ ပန်းတိုင် ၄ သည် ငွေကြေးနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးခြင်းဖြင့် အိမ်ထောင်စုများကို ကပ်ရောဂါ၏ အဆိုးရွားဆုံးသော အကျိုးဆက်များမှ ကာကွယ်ရန်အစီအမံများ ချမှတ်ထားပါသည်။ CERP ပါ ပန်းတိုင် ၄ ၏ ရည်ရွယ်ချက်မှာ အိမ်ထောင်စုများအနေဖြင့် ကပ်ရောဂါ၏ ကြမ်းတမ်းခက်ခဲသော ကနဦးအဆင့်များဖြစ်သည့် မိသားစုစီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းရခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပျောက်ဆုံးသွားခြင်းနှင့် အိမ်တွင်းမှ အိမ်ပြင်သို့ ရက်သတ္တပတ်ပေါင်းများစွာ ထွက်ခွင့်မရခြင်း စသည်တို့အား ကျော်ဖြတ်နိုင်စေရန်အတွက် လုံလောက်သော စားသောက်ကုန်များနှင့် ငွေကြေးများကို ထောက်ပံ့ပေးရန် ဖြစ်ပါသည်။ ပန်းတိုင် ၄ အောက်ရှိ လုပ်ငန်းစီမံချက်တွင် ပြည်ထောင်စုအစိုးရ၏ အိမ်ထောင်စုများအတွက် အစားအသောက်နှင့် ငွေကြေးပံ့ပိုးမှုအစီအစဉ်၊ လျှပ်စစ်ဓာတ်အားအသုံးပြုခများ လျှော့ချပေးခြင်း အစီအစဉ်များ ပါဝင်သည်။

### • ဤပန်းတိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအတွက် မည်သို့သက်ဆိုင်မှုရှိပါသနည်း။

CERP ပါ ပန်းတိုင် ၄ သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြည်ထောင်စုအစိုးရ၏ အရေးပါမှုအရှိဆုံး ဆောင်ရွက်ချက်တစ်ခုဖြစ်ပါသည်။ နိုင်ငံတကာအတွေ့အကြုံများအရ အိမ်ထောင်စုများကို တိုက်ရိုက် ထောက်ပံ့ပေးခြင်းသည် ကပ်ရောဂါကာလအတွင်း အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အရေးပါမှုအရှိဆုံး စီးပွားရေး အစီအမံများအနက်မှတစ်ခုဖြစ်သည်ကို အသိအမှတ်ပြုပြီးဖြစ်ပါသည်။ ထိုလုပ်ငန်းစီမံချက်ကို ပြည်ထောင်စုအစိုးရအနေဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက ကာလရှည်တွင်ပါ အကျိုးရလဒ်များ ရရှိနိုင်သည့် ကောင်းမွန်တိကျသော ဆောင်ရွက်ချက်တစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

အဆိုပါ အထောက်အပံ့အစီအစဉ်များ ပိုမိုထိရောက်မှု ရှိလာစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက ကူညီထောက်ပံ့ပေးနိုင်မည့် အခွင့်အလမ်းများ ရှိနေပါသည်။ လက်ရှိတွင် ပြည်ထောင်စုအစိုးရသည် အိမ်ထောင်စုများကို ပံ့ပိုးပေးနိုင်မည့် လမ်းကြောင်းများကို စမ်းသပ်ရှာဖွေဆဲဖြစ်ရာ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက အထောက်အပံ့ရင်းမြစ်များ အလိုအပ်ဆုံးနေရာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည်ဆိုပါက အကျိုး

ဖြစ်ထွန်းနိုင်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် ထောက်ပံ့ရေးပစ္စည်းများအား အမှန်တကယ် လိုအပ်မှုရှိသောနေရာများသို့ မြန်ဆန်စွာ ရောက်ရှိနိုင်စေရေးအတွက် ဒေသန္တရအဆင့်ရှိ ၎င်းတို့၏ ကွန်ယက်များ၊ မြို့နယ်အဆင့်ရှိ ပါဝင်ပတ်သက်သူများ (အထူးသဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ကို အသုံးပြုနိုင်ပါသည်။ ဥပမာ ထောက်ပံ့မှုများကို အကျိုးရှိထိရောက်စေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးအရာရှိများထံမှ အချက်အလက်များ၊ မကြာသေးမီက ကောက်ယူထားသော စစ်တမ်းများ၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းပါ အချက်အလက်များ၊ ဒေသခံသတင်းမီဒီယာများကို အသုံးပြုနိုင်ပါသည်။ ပြည်ထောင်စုအစိုးရသည် ပံ့ပိုးရေးအစီအစဉ်များတွင် အသုံးပြုမည့် စံသတ်မှတ်ချက် ၁၆ ချက်ကို ထုတ်ပြန်ထားပြီးဖြစ်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပူးပေါင်းကာ အဆိုပါ စံသတ်မှတ်ချက်များနှင့်စပ်လျဉ်းသည့် နောက်ဆုံးရအချက်အလက်များကို ရှာဖွေပေးနိုင်ပါသည်။

## ပန်းတိုင် ၅ – တီထွင်ဆန်းသစ်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ဆောင်ရွက်ခြင်း

### • အနှစ်ချုပ်

CERP ၏ ပန်းတိုင် ၅ သည် COVID–19 အား တုံ့ပြန်ဆောင်ရွက်ရာတွင် နည်းပညာအသုံးပြုမှုကို အားပေးမြှင့်တင်ခြင်းဖြစ်ပါသည်။ ပန်းတိုင် ၅ အောက်ရှိ လုပ်ငန်းစီမံချက် နှစ်ခုသည် မိုဘိုင်းလ်ငွေကြေး ပေးချေမှုများနှင့် အွန်လိုင်းစီးပွားရေးလုပ်ငန်းများကို အားပေးထားပါသည်။ နိုင်ငံတကာတွင် COVID–19 ကို တုံ့ပြန်ဆောင်ရွက်ရာ၌ တီထွင်ဆန်းစစ်မှုရှိသော ဒီဂျစ်တယ်နည်းပညာများက ထောက်ပံ့ပေးလျက်ရှိပါသည်။ စင်္ကာပူတွင်ထိတွေ့မှုရှိသူများအား ခြေရာခံသည့် အက်ပလီကေးရှင်း အသုံးပြုခြင်းမှသည် မြန်မာနိုင်ငံတွင်ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနက Surveillance Dashboard ကို အောင်မြင်စွာ အသုံးပြုနိုင်ခြင်း ကဲ့သို့သော ဥပမာများဖြစ်ပါသည်။ ထိုကဲ့သို့ တန်ဖိုးရှိသော တီထွင်ဆန်းသစ်နည်းပညာများကို ပိုမိုအသုံးပြုလာစေရန် CERP ၏ ပန်းတိုင် ၅ က အားပေးထားပါသည်။

### • ဤပန်းတိုင်က တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများအတွက် မည်သို့သက်ဆိုင်မှု ရှိပါသနည်း။

ပန်းတိုင် ၅ သည် တီထွင်ဆန်းသစ်သော နည်းပညာများ အသုံးပြုလာနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို အားပေးထားခြင်းပင်ဖြစ်ပါသည်။ ထိတွေ့မှုရှိသူများအား ခြေရာခံသည့် နည်းပညာများကဲ့သို့ ကျန်းမာရေးနှင့် အဓိကဆက်စပ်မှုရှိသည့် နည်းပညာများကို ပြည်ထောင်စုအစိုးရက ဦးစီးဦးရွက်ပြု၍ ညှိနှိုင်းဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်သော်လည်း[၁၁] တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် တီထွင်ဆန်းသစ်သည့် ဒီဂျစ်တယ်နည်းပညာများကို အသုံးပြုနိုင်မည့် အခြားသောကဏ္ဍများစွာရှိပါသည်။ ဥပမာ ငွေကြေးပံ့ပိုးမှုအစီအစဉ်များ၊ အွန်လိုင်းမှ အခွန်/အခ ပေးဆောင်ခြင်းများ၊ စေတနာ့ဝန်ထမ်းများအကြား ညှိနှိုင်းဆောင်ရွက်ခြင်းများ နှင့် အစိုးရ၏ ဝန်ဆောင်မှုများအတွက် ကျသင့်ငွေပေးချေခြင်း (ဥပမာ အခွန်နှင့် အခများ)၊ အများပြည်သူနှင့်ဆက်သွယ်ပြောဆိုခြင်း စသော ကဏ္ဍများတွင် ဒီဂျစ်တယ်နည်းပညာကို ပိုမို ထိရောက်စွာ အသုံးပြုနိုင်မည့် အလားအလာများ ရှိပါသည်။

ပန်းတိုင် ၅ သည် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ ဆောင်ရွက်ထားပြီးဖြစ်သည့် တီထွင်ဆန်းသစ်မှု နည်းပညာများကို ဆက်လက်အဆင့်မြှင့်တင်သွားရန် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါသည်။ ဥပမာ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့တို့အကြား မြန်ဆန်တိကျစွာ ဆက်သွယ်ဆောင်ရွက်နိုင်မည့် မြို့တော်အက်ပလီကေးရှင်း (Myo Taw Application) ကို စတင်အသုံးပြုခဲ့ပြီးဖြစ်ပါသည်။ COVID–19 နှင့် ပတ်သက်သည့် ကြေညာချက်များထုတ်ပြန်ခြင်းနှင့် အွန်လိုင်းမှ ငွေပေးချေခြင်းတို့တွင် မြို့တော်အက်ပလီကေးရှင်းကို အသုံးပြုနိုင်ပါသည်။ မန္တလေးတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အခြေခံ မြူနီစီပယ်

အခွန်/အခများ ပေးချေခြင်းအတွက် အွန်လိုင်းမှ ငွေပေးချေခြင်းစနစ်ကို အသုံးပြုထားပြီးဖြစ်ရာ မြို့နေပြည်သူများ အနေဖြင့် ၎င်းတို့ပေးဆောင်ရမည့် အခွန်/ အခများ ပေးဆောင်ရာတွင် ရုံးပြင်ကန္နားသို့သွား၍ လူချင်းထိတွေ့ရန်မလိုဘဲ ပေးချေနိုင်မည်ဖြစ်ပါသည်။ ယခုကပ်ရောဂါကာလအတွင်း အဆိုပါ နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာနိုင်စေရေးအတွက် ပိုမိုမြန်ဆန်စွာ မြှင့်တင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းရှိပါသည်။

CERP သည် အစိုးရဌာနတွင်းလုပ်ငန်းစဉ်များ ပိုမိုချောမွေ့လာခြင်း၏ အရေးကြီးပုံကိုလည်း မီးမောင်းထိုးပြထားပါသည်။ ပန်းတိုင် ၅ အောက်တွင် CERP က ဖော်ပြထားရာ၌ “မြန်မာနိုင်ငံအစိုးရသည် မိုဘိုင်းလ်မှတစ်ဆင့် ငွေပေးချေမှုများကို အစိုးရအဖွဲ့အစည်းများကိုယ်တိုင် တတ်နိုင်သမျှ အသုံးပြုသွားမည်” ဟု ဖော်ပြထားပါသည်။ ယခု ကပ်ရောဂါကျရောက်နေစဉ်ကာလအတွင်း အစိုးရအရာရှိများသည် အွန်လိုင်းအစည်းအဝေးများ၏ ထိရောက်မှုကို အသုံးပြုနိုင်ခဲ့ပြီးဖြစ်ပါသည်။ COVID-19 သည် အစိုးရဌာနဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုပေးခြင်းများတွင် ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်သည့် အခွင့်အလမ်းကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအား ပြသခဲ့ပါသည်။

## ပန်းတိုင် ၆ – ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုအားကောင်းခိုင်မာလာစေရန် ဆောင်ရွက်ခြင်း

### ● အနှစ်ချုပ်

CERP ၏ ပန်းတိုင် ၆ တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက နိုင်ငံတစ်ဝှမ်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအား ပိုမိုအားကောင်းခိုင်မာလာစေရန် ထောက်ပံ့ပေးမည့် အစီအမံများကို ဦးတည်ဖော်ပြထားပါသည်။ ပန်းတိုင် ၆ သည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာများတွင် အထောက်ကူပြုစွည်းများ၊ ဝန်ထမ်းများ၊ ပစ္စည်းကိရိယာများကို လုံလောက်စွာ ထောက်ပံ့ပေးရန်နှင့် လက်ဆေးစင်များသတ်မှတ်ပေးခြင်း၊ အများပြည်သူဆိုင်ရာနေရာများတွင် ပိုးသတ်ဆေးဖြန်းခြင်း စသော ကျန်းမာရေးဆိုင်ရာ အစီအမံများကို ထိရောက်စွာ စီမံဆောင်ရွက်ထားရန် တိုက်တွန်းထားပါသည်။

### ● ဤပန်းတိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအတွက် မည်သို့သက်ဆိုင်မှုရှိပါသနည်း။

မြန်မာနိုင်ငံတစ်ဝှမ်းတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် COVID-19 တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များကို မြန်ဆန်စွာ ထောက်ပံ့ပေးလျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသည် အစဉ်အလာအားဖြင့် ကျန်းမာရေးမူဝါဒတွင် ကြီးမားသော အခန်းကဏ္ဍ မရှိသော်လည်း လက်ရှိကြုံတွေ့နေရသည့် အကြပ်အတည်း၏ ကျယ်ပြန့်မှုအရ ကျန်းမာရေးကဏ္ဍတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ပံ့ပိုးမှုများကို လိုအပ်လာလျက်ရှိပါသည်။

ပြည်သူ့ကျန်းမာရေးမူဝါဒကဏ္ဍတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် အတွေ့အကြုံပိုင်း၌ အကန့်အသတ်များရှိသည်ဖြစ်ရာ မြန်မာနိုင်ငံအတွင်း ဒေသတစ်ခုနှင့်တစ်ခု နှင့် ပြည်ပအစိုးရများ၏ အတွေ့အကြုံများကို လေ့လာရန် လိုအပ်လျက်ရှိပါသည်။ ဥပမာ မန္တလေးတိုင်းဒေသကြီးသည် ရန်ကုန်ပြင်ပတွင် ရောဂါရှာဖွေဓာတ်ခွဲခန်းကို ပထမဆုံး စတင်ဖွင့်လှစ်နိုင်ခဲ့သည့် တိုင်းဒေသကြီး ဖြစ်ပါသည်။[၁၂] ရောဝတီတိုင်းဒေသကြီးသည် နှာခေါင်းစီးမတပ်မနေရစနစ်ကို စတင်ကျင့်သုံးခဲ့သည် တိုင်းဒေသကြီးဖြစ်ပါသည်။ အခြားတိုင်းဒေသကြီး/ပြည်နယ်များထံမှ အတွေ့အကြုံကောင်းများနှင့် စိန်ခေါ်မှုများကို လေ့လာခြင်းသည် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းစီအတွက် ရိုးရှင်းသော မဟာဗျူဟာ

တစ်ရပ်ပင်ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ကျန်းမာရေးအရ ကာကွယ်တားဆီးမှု လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် ပန်းတိုင် ၆ ကို ပြီး/မပြီး စစ်ဆေးနိုင်သည့်စာရင်း (checklist) အဖြစ် စဉ်းစားနိုင်ပြီး၊ အခြားသောဒေသများထံမှ လေ့လာနိုင်သည့် မူဝါဒနယ်ပယ်များအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

## ပန်းတိုင် ၇ – COVID-19 ကြောင့်ထိခိုက်မှုရှိနေသောလုပ်ငန်းများကို ငွေကြေးပံ့ပိုးမှုတိုးမြှင့်ပေးနိုင်ရေး (အရေးပေါ်ရန်ပုံငွေအပါအဝင်)

### ● အနှစ်ချုပ်

CERP ၏ ပန်းတိုင် ၇ သည် COVID-19 တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအတွက် ရန်ပုံငွေ တိုးမြှင့်ပေးရန် အစီအစဉ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် CERP က နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ (၁) အစိုးရအဖွဲ့အစည်းများအနေဖြင့် ဘတ်ဂျက်မှ အခြားအသုံးစရိတ်များအတွက် လျှော့ချပြီး COVID-19 သက်သာရေးစီမံချက်များအတွက် ပြန်လည်သုံးစွဲခြင်း (၂) အစိုးရဌာနများက လက်ရှိဘတ်ဂျက်များကို လိုအပ်သလိုပြန်လည်ပြင်ဆင်နိုင်ရန်အတွက် ပိုမိုပြောင်းလွယ်ပြင်လွယ်ဖြစ်စေခြင်း (၃) ပြင်ပမှ ဘဏ္ဍာငွေများနှင့် အခြားပံ့ပိုးမှုများ ရရှိရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြစ်သည်။

### ● ဤပန်းတိုင်က တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများအတွက် မည်သို့သက်ဆိုင်မှု ရှိပါသနည်း။

COVID-19 ကပ်ရောဂါသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘတ်ဂျက်အပေါ်တွင် ပြင်းထန်သော ဖိအားများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ CERP ၏ ပန်းတိုင် ၇ သည် အစိုးရဌာနအသီးသီးရှိ ဘတ်ဂျက်အသုံးစရိတ်များအား လျှော့ချ၍ COVID-19 သက်သာရေးစီမံချက်များတွင် ပြန်လည်သုံးစွဲရန် ဖော်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါ ဖိအားသည် COVID-19 ကို ထိရောက်စွာ ပြန်လည်တုံ့ပြန်ဆောင်ရွက်ရန်အတွက် အစိုးရအသုံးစရိတ်များ အရေးတကြီးလိုအပ်နေချိန်တွင် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ထိုသို့လုပ်ဆောင်ချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၏ ဘတ်ဂျက်ကို လျှော့ချခဲ့ပြီးလည်းဖြစ်ပါသည်။

မြူနီစီပယ်အဆင့်တွင် စီးပွားရေးလုပ်ငန်းများ နှေးကွေးသွားသည့်အတွက် ဒေသန္တရအဆင့်အစိုးရ၏ အချို့သော ရငွေများသည် လာမည့် ၁၂ လ အတွင်း သိသိသာသာကျဆင်းသွားနိုင်ပါသည်။ ထိုသို့ဖြစ်ပေါ်ခြင်းသည် ရငွေများကို ဒေသန္တရအဆင့်တွင် ကိုယ်တိုင်ရှာဖွေနေကြရသည့် စည်ပင်သာယာရေးအဖွဲ့များအပေါ်တွင် ဘဏ္ဍာရေးဆိုင်ရာ ဖိအားတစ်ရပ်ရောက်ရှိလာခြင်းပင်ဖြစ်ပါသည်။[၃၃] စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများ၏ ရငွေများသည် COVID-19 ကြောင့် ဆိုးရွားစွာကျဆင်းသွားမည်ဆိုလျှင် မြို့ပြဝန်ဆောင်မှုများ (အမှိုက်သိမ်းဆည်းခြင်းနှင့် ရေနုတ်မြောင်းများထိန်းသိမ်းခြင်းစသည်ဖြင့်) ကို ဆက်လက်ဆောင်ရွက်ပေးရန် ရုန်းကန်ရနိုင်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် မြူနီစီပယ်အဆင့် အဖွဲ့အစည်းများသည် ရငွေနှင့် အသုံးစရိတ်ဆိုင်ရာ လိုအပ်ချက်များနှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်ရန် ၎င်းတို့၏ ဘတ်ဂျက်အား လျင်မြန်စွာ ပြင်ဆင်ညှိနှိုင်းရမည်ဖြစ်ပါသည်။[၃၄] ကာလတိုတွင် ရှားပါးသော ဘဏ္ဍာရင်းမြစ်များအား ဦးစားပေးအဆင့်အမြင့်ဆုံး ဆောင်ရွက်ချက်များအတွက် အသုံးပြုနိုင်ရန် ခွဲဝေချထားပေးရမည် ဖြစ်ပါသည်။ ကာလရှည်တွင် အစိုးရအနေဖြင့် ရငွေများ စဉ်ဆက်မပြတ်ရရှိစေရေး နည်းလမ်းများကို ရှာဖွေရမည် ဖြစ်ပါသည်။ ဥပမာ အခွန်ဌာနများသည် COVID-19 ဒုတိယလှိုင်းအတွက် ပြင်ဆင်ထားနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအလေ့အထများကို ပြောင်းလဲရန် စဉ်းစားထားသင့်ပါသည်။

## ၃။ အကြံပြုချက်များ

CERP သည် မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါအား တုံ့ပြန်ဆောင်ရွက်ရန်အတွက် အစိုးရအဖွဲ့ အစည်းအသီးသီး တို့အကြား ဆုံချက်တစ်ခုအနေဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် အစီအမံတစ်ခုဖြစ်ပါသည်။ CERP ပါ ရည်ရွယ်ချက် ကြီးမားသည့် ပန်းတိုင် (၇) ခုသည် နိုင်ငံတစ်ဝှမ်း ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးနှင့် စီးပွားရေး ဆိုင်ရာဆိုးကျိုးများကို လျှော့ချရန်အတွက် မဟာဗျူဟာတစ်ရပ်ကို ဖော်ပြထားပါသည်။ အထက်တွင် ဖော်ပြခဲ့သော ဆန်းစစ်လေ့လာမှုများအပေါ်တွင် အခြေခံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် CERP တွင် ဖော်ပြထား သော မဟာဗျူဟာများအား ပံ့ပိုးကူညီပေးနိုင်မည့် နည်းလမ်းသုံးသွယ်ကို ဤအခန်းတွင် ဆွေးနွေးထားပါသည်။

### အကြံပြုချက် ၁ – တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်ဂျက်များအား ပြန်လည်ချိန်ညှိပါ။

အစိုးရ၏ ဘတ်ဂျက်သည် COVID-19 အား တုံ့ပြန်ဆောင်ရွက်ရာတွင် ထိရောက်မှုအရှိဆုံး နည်းလမ်းများအနက်မှ တစ်ခုဖြစ်ပါသည်။ COVID-19 အခြေအနေ ဖြစ်ပေါ်တိုးတက်လာသည်နှင့်အမျှ တုံ့ပြန်ဆောင်ရွက်မှု နှင့် တာဝန်ယူမှုတို့ကို အခြေခံသော ဘတ်ဂျက်ဖြစ်စေခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် လျင်မြန်ပြီး ပွင့်လင်းမြင်သာသည့် ပုံစံဖြင့် COVID-19 ၏ သက်ရောက်မှုများကို တုံ့ပြန်နိုင်စေမည်ဖြစ်ပါသည်။ အမျိုးသားအဆင့် COVID-19 ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များကို အားဖြည့်ကူညီရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဘတ်ဂျက်များကို ပြန်လည် ပြင်ဆင်ညှိနှိုင်းရာတွင် အစိုးရများအနေဖြင့် ၎င်းတို့၏ လက်ရှိဘတ်ဂျက်များကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း၊ လိုအပ်သော အပြောင်းအလဲများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ပြောင်းလဲသွားသည့်ကဏ္ဍများ၊ ဦးစားပေး အသုံးစရိတ် များကို လက်ရှိ တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဘတ်ဂျက်ကို ပြန်လည်ပြင်ဆင်ညှိနှိုင်းရန်အတွက် စတင်လုပ်ဆောင်သင့်သည့် ဆောင်ရွက်ချက်တစ်ခုမှာ ယခင်က ရေးဆွဲထားခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ်ခြင်း ဖြစ်ပါသည်။ စိန်ခေါ်မှုများ ပြောင်းလဲသွားပြီး ဦးစားပေးမှု များလည်း မတူညီနိုင်တော့သည့်အခါ ဘတ်ဂျက်ထဲတွင် ယခင်ကထည့်သွင်းရေးဆွဲခဲ့သော လုပ်ငန်းအချို့မှာ လက်တွေ့ မကျတော့ခြင်း၊ အချို့မှာ ညှိနှိုင်းပြင်ဆင်ရန် လိုအပ်လာခြင်း၊ အချို့လုပ်ငန်းအစီအစဉ်များမှာ ယခင်ကထက် ပိုမို အရေး ကြီးလာခြင်းများ ရှိလာနိုင်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများနှင့် စီမံကိန်းရေးဆွဲ ရေးဦးစီးဌာနများသည် အကြောင်းအချက်များစွာကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရန်လိုအပ်လာမည်ဖြစ်ပါသည်။ ယင်းတို့တွင် ဝန်ထမ်းများအပေါ် သက်ရောက်လာနိုင်သည့် အန္တရာယ်များ၊ စီးပွားရေးနှေးကွေးလာခြင်း၏ အကျိုး ဆက်များနှင့် လုပ်ငန်းစီမံချက်အမျိုးမျိုးတို့အတွက် ကြိုတင်မျှော်လင့်ထားနိုင်သည့် သက်ရောက်မှုများပါဝင်သည်။

ယခင်က ဘတ်ဂျက်တွင် ထည့်သွင်းထားခဲ့ပြီး ယခုရွှေ့ဆိုင်းရန်လိုအပ်မည့်လုပ်ငန်းများ၊ ဘဏ္ဍာငွေသုံးစွဲရန် လိုအပ်မည့် လုပ်ငန်းအသစ်များကို ရှင်းလင်းစွာ ဖော်ထုတ်သတ်မှတ်ပြီးပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် လိုအပ် သော ပြင်ဆင်ညှိနှိုင်းမှုများကို အစီအစဉ်ချမှတ်နိုင်မည် ဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီသည် ဦးစားပေးများကို ပြန်လည်ပြင်ဆင်ညှိနှိုင်းရန်အတွက် ကိုယ်ပိုင်အစီအစဉ်များ ရေးဆွဲရန်လိုအပ်ပါသည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် ကျန်းမာရေးကဏ္ဍအသီးသီးတို့တွင် မူဝါဒချမှတ်သူများအနေဖြင့် မရေရာမှုများနှင့် ခက်ခဲစွာ ရင်ဆိုင် နေကြရသည့် အချိန်တွင် ဘတ်ဂျက်များအား ပြန်လည်ပြင်ဆင် ညှိနှိုင်းရေးဆွဲရာ၌ CERP နှင့် လိုက်လျောညီထွေဖြစ်စွာ ဆောင်ရွက်နိုင်မည့် ရှင်းလင်းသော အစီအစဉ်တစ်ခုကို ရေးဆွဲထားခြင်းဖြင့် ပွင့်လင်းမြင်သာစွာနှင့် တာဝန်ခံမှုရှိစွာ ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် COVID-19 ကပ်ရောဂါအား တုံ့ပြန်ဆောင်ရွက်ရန်အတွက် ဘတ်ဂျက်များကို ပြန်လည်ပြင်

ဆင်ညှိနှိုင်းရေးဆွဲသည့်အခါတွင် တည်ဆဲစည်းမျဉ်းစည်းကမ်းများအတွင်းမှာပင် ပြောင်းလွယ် ပြင်လွယ်ပုံစံဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ လက်ရှိဘတ်ဂျက်ဆိုင်ရာမူဘောင်တွင် ထူးခြားသော အခြေအနေများအတွက် ပြဋ္ဌာန်းထားသည့် အထူးသတ်မှတ်ချက်များ (တိုင်းဒေသကြီး/ပြည်နယ် တစ်ခုချင်းစီအတွက် သတ်မှတ်ပေးထားသည့် အရေးပေါ်ရန်ပုံငွေ ကျပ် ၁ ဘီလျံအပါအဝင်) ရှိနေသော်လည်း ဌာနဆိုင်ရာ အရာရှိများသည် အဆိုပါ လုပ်ငန်းစဉ်များနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိခြင်းများလည်း ရှိနိုင်ပါသည်။ ထို့ကြောင့် အစိုးရဌာနများအတွင်း ရှင်းလင်းတိကျမှုရှိသော သတင်းအချက်အလက်စီးဆင်းမှုနှင့် လမ်းညွှန်မှုများ လိုအပ်မည်ဖြစ်ပါသည်။ သက်ဆိုင်ရာ ဘတ်ဂျက်အား ပြန်လည်ညှိနှိုင်းပြင်ဆင်ရန် စတင်လုပ်ဆောင်နိုင်သည့်အချက်မှာ COVID-19 တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ငွေစာရင်းများ ဖွင့်လှစ်ခြင်း၊ ကပ်ရောဂါကာလအတွင်း ဘဏ္ဍာငွေများအား ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းတို့ ဖြစ်ပါသည်။

## အကြံပြုချက် ၂ – အမျိုးသားအဆင့် မူဝါဒများအား ပိုမိုထိရောက်စွာ ဦးတည်ဆောင်ရွက်ပါ။

မြန်မာနိုင်ငံ၏ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်အစိုးရများတွင် ဘဏ္ဍာငွေများနှင့် ဝန်ထမ်းများသည် အကန့်အသတ်ဖြင့်သာ ရှိနေကြပါသည်။ ထို့ကြောင့် လုပ်ငန်းစီမံချက်များနှင့် အသုံးစရိတ်များကို ဦးစားပေးအဆင့်စီ၍ သတ်မှတ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပံ့ပိုးမှုများ ရရှိနိုင်သူများ၊ ပံ့ပိုးမှုများ မရရှိနိုင်သူများနှင့် အဆိုပါပံ့ပိုးမှုများက မည်သည့်ပုံစံများ ဖြစ်ပေါ်လာနိုင်သည်တို့နှင့် စပ်လျဉ်း၍ ခက်ခဲသော ဆုံးဖြတ်ချက်များကို ချမှတ်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ ယုံကြည်ကိုးစားထိုက်သော အချက်အလက်များ၊ သတင်းအချက်အလက်များ ရှိထားမည် ဆိုပါက ဆုံးဖြတ်ချက်များ ပို၍ ထိရောက်မည် ဖြစ်ပါသည်။ ဥပမာ အခြေခံစားသောက်ကုန်ပံ့ပိုးမှုများကို လိုအပ်မှုအရှိဆုံး အိမ်ထောင်စုများနှင့် ပံ့ပိုးပေးရမည့်ပမာဏကို နားလည်သိရှိထားခြင်းတို့ဖြစ်ပါသည်။ မူဝါဒများသည် ရည်ရွယ်ထားသည့် ရလဒ်များအတိုင်း ဖြစ်ပေါ်လာခြင်း ရှိ၊ မရှိကို ဆန်းစစ်အကဲဖြတ်နိုင်ရန်နှင့် ထိုမူဝါဒများက ပိုမိုကောင်းမွန်သော ရလဒ်များ ထွက်ပေါ်လာရန် မွမ်းမံပြင်ဆင်နိုင်ရန်အတွက်လည်း သတင်းအချက်အလက်များက အရေးကြီးပါသည်။ ဤအချက်မှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်းလုံးတွင် COVID-19 ကို ရင်ဆိုင်နေရပြီး အပြောင်းအလဲများ၊ မရေရာမှုများ များပြားနေသောအချိန်တွင် အထူးအရေးကြီးပါသည်။

တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများသည် CERP ပါ ပန်းတိုင် ၇ ခု အောင်မြင်ရန် အထောက်အကူပြုပေးနိုင်သည့် သတင်းအချက်အလက်များကို လက်လှမ်းမီ ရယူနိုင်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ၎င်းတို့ အုပ်ချုပ်သော ဒေသတွင်းရှိ ပြည်သူလူထုနှင့် နီးကပ်စွာရှိနေခြင်းဖြင့် ပြည်ထောင်စုအစိုးရက ရယူရန်ခက်ခဲနိုင်သည့် သတင်းအချက်အလက်များ၊ အမြင်သဘောထားများကို လက်လှမ်းမီရယူပေးနိုင်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် လက်ရှိရှိနေသည့် အချက်အလက်များကို အသုံးပြုနိုင်ပါသည်။ ထို့ပြင်ဒေသန္တရအဆင့် ပြည်သူများအပေါ်တွင် သက်ရောက်မှုများကို နားလည်ရန်၊ ပံ့ပိုးမှုလိုအပ်မှုအရှိဆုံး အစုအဖွဲ့များကို ဖော်ထုတ်သတ်မှတ်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်နိုင်ရန်တို့အတွက် အချက်အလက်အသစ် ကောက်ယူမှုများကိုလည်း လုပ်ဆောင်နိုင်ပါသည်။ ထိုသို့ စစ်တမ်းများကောက်ယူရာတွင် အစိုးရထံ၌ ရှိနှင့်ပြီးသော အချက်အလက်များ (၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်များ)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများထံမှ အချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများကို ကောက်ယူထားသည့် စစ်တမ်းများ၊ အခြားသော အချက်အလက်ကောက်ယူစုစည်းမှုများနှင့် ပေါင်းစပ်စဉ်းစားနိုင်ပါသည်။ ယင်းအချက်အလက်များကို သက်ဆိုင်ရာ COVID-19 ကော်မတီများ၊ CERP စောင့်ကြပ်ကြည့်ရှုမည့်လုပ်ငန်းစဉ်တွင် ပါဝင်အထောက်အကူပြုနေသည့် ဌာနများအား မျှဝေပေးနိုင်ပါသည်။ ပံ့ပိုးမှုများလိုအပ်သည့်နေရာများနှင့်စပ်လျဉ်း၍ ပိုမိုနားလည်ထားပါက တိုက်ရိုက်ငွေကြေးထောက်ပံ့ခြင်း၊ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ခြင်း (ဥပမာ အစားအသောက်အထောက်အပံ့) နှင့် လိုအပ်မှုအရှိဆုံးသူများအား ပံ့ပိုးကူညီပေးခြင်းတို့တွင် အထောက်အကူပြုပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ထပ်ဆောင်းလိုအပ်သည့်

ပံ့ပိုးကူညီမှုများကိုလည်း ဖော်ထုတ်သတ်မှတ်ပေးနိုင်မည်ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် ဒေသန္တရအဆင့်ရှိ လူမှုအသိုက်အဝန်းများ၏ လိုအပ်ချက်များအပေါ် အကြံပြုမှတ်ချက်များပေးသကဲ့သို့ပင် CERP အကောင်အထည်ဖော်ဆောင်ရွက်ရေး ယန္တရားအသစ်များအပေါ်တွင်လည်း အကြံပြုမှတ်ချက်များ ဖော်ထုတ်ပေးခြင်းဖြင့် CERP ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ မူဝါဒများကို မူလ ရည်ရွယ်ချမှတ်ထားသည့်အတိုင်း လက်တွေ့တွင် အကောင်အထည်ဖော်နိုင်သည်က ရှားပါးပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြောင်းလဲလာသော အခြေအနေများမှတစ်ဆင့် မူဝါဒများကို အချိန်နှင့်တစ်ပြေးညီ မွမ်းမံပြင်ဆင်နေရန် လိုအပ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ၎င်းတို့၏ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ (အစိုးရဌာနတွင်း နှင့် ပြင်ပမှ) ၏ အမြင်သဘောထားများကို စုစည်းမျှဝေစေရာတွင် အဓိကကျသော အခန်းကဏ္ဍ၌ ရှိနေပါသည်။ အဆိုပါ အမြင်သဘောထားများအား ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် သက်ဆိုင်ရာ COVID–19 ကော်မတီများနှင့် မျှဝေပြီး CERP အား စဉ်ဆက်မပြတ် ကောင်းမွန်နေစေရန် အထောက်အကူပြုနိုင်ပါသည်။ COVID–19 သည် မြေပြင်တွင် ခန့်မှန်းနိုင်ခြင်းမရှိသည့်အနေအထားဖြင့် မည်မျှမြန်ဆန်စွာ ပြောင်းလဲနိုင်မည်ကို မှန်းဆနိုင်ခြင်းမရှိသည်ကိုကြည့်ခြင်းအားဖြင့် အဆိုပါ သတင်းအချက်အလက်များကို လျင်မြန်စွာ မျှဝေပေးရန်လည်း အရေးကြီးမည်ဖြစ်ပါသည်။

## အကြံပြုချက် ၃ – အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း အစုအဖွဲ့များနှင့် အခြားသော အစိုးရမဟုတ်သည့် အစုအဖွဲ့များထံမှ ပံ့ပိုးကူညီမှုများကို ညှိနှိုင်းဆောင်ရွက်ပါ။

လူ့အဖွဲ့အစည်းများ ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုအများဆုံးနှင့် ရှုပ်ထွေးမှုအများဆုံး ဖြစ်ရပ်အများအပြားကို ဖြေရှင်းရာတွင် အစိုးရတစ်ခုတည်းအနေဖြင့် ဖြေရှင်းရန်မဖြစ်နိုင်သည်ကို COVID–19 ကပ်ရောဂါက သတိပေးလျက်ရှိပါသည်။ COVID–19 အား တုံ့ပြန်ဆောင်ရွက်ရာတွင် ကမ္ဘာတစ်ဝှမ်းမှ အစိုးရများသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အင်အားကို အသုံးပြုကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အားကောင်းမောင်းသန်ဖြစ်စေမည့် မြန်ဆန်သော ရပ်ရွာအဆင့် တုံ့ပြန်မှုများကို ဆောင်ရွက်နိုင်ရန် ဆိုးရွားသော လူမှုစီးပွား ရိုက်ခတ်မှုများမှ ထိခိုက်ခံရမှုအများဆုံး အစုအဖွဲ့များကို ကာကွယ်ပေးနိုင်ရန် ဒေသန္တရအဆင့် တုံ့ပြန်ဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ကြပါသည်။ နိုင်ငံအများအပြားတွင် အစိုးရမဟုတ်သည့် အစုအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးသည်ကို အသိအမှတ်ပြုပြီးဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းက အထူးအရေးကြီးသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံ၏ အချို့နေရာဒေသများတွင် အစိုးရမဟုတ်သည့် အစုအဖွဲ့များ၏ ထိန်းချုပ်မှု အခန်းကဏ္ဍမှာ ကြီးမားပြီး၊ အဆိုပါ အရပ်ဒေသများတွင် တိုင်းရင်းသားအစုအဖွဲ့များ၏ ကျန်းမာရေးအဖွဲ့များသည် အခြေခံပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများကို ပေးနေရပါသည်။ COVID–19 ကပ်ရောဂါ ရောက်ရှိချိန်မှစ၍ ပြည်သူ့ကျန်းမာရေး ပညာပေးမှု၊ အသွားအလာစောင့်ကြပ်ကြည့်ရှုရာနေရာများကို ထောက်ပံ့ပေးမှု၊ အကာအကွယ်မဲ့ အိမ်ထောင်စုများအား ငွေကြေးနှင့်အစားအသောက်ပံ့ပိုးပေးမှုစသည့် ကဏ္ဍအသီးသီးတွင် ထောက်ပံ့ကူညီရာ၌ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အစုအဖွဲ့များက အရေးပါသည့် အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့ပါသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သော အစုအဖွဲ့များ၏ ကူညီထောက်ပံ့မှုများ လိုအပ်မှု အရှိဆုံးသူများထံ လက်ဝယ်ရောက်ရှိစေရေး၊ အဆိုပါ အဖွဲ့အစည်းများက ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်လာနိုင်စေရေးနှင့် အကောင်းဆုံးသော အလေ့အထများကို အဖွဲ့အစည်းနှင့် နေရာဒေသအသီးသီးတို့ကြား မျှဝေဖလှယ်နိုင်ရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက အင်တိုက်အားတိုက်ကူညီရန် အကောင်းဆုံး အနေအထားတွင်

ရှိပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အစုအဖွဲ့များ၏ ရောဂါ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အကျိုးရလဒ်များသည် ပိုမိုကျယ်ပြန့်အားကောင်းလာမည်ဖြစ်ပါသည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများနှင့်ဒေသဆိုင်ရာ ပြည်သူလူထု၏ လိုအပ်ချက်ကို နားလည်ပြီး စုစည်း ပေးနိုင်သည့် အခွင့်အာဏာရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် လိုအပ်မှုအရှိဆုံးနေရာများသို့ ပံ့ပိုးကူညီမှုများ ရောက်ရှိနိုင်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊ လမ်းညွှန်ခြင်းများ ပြုလုပ်နိုင်ပါသည်။ တိုင်းဒေသ ကြီးနှင့်ပြည်နယ်အစိုးရများအနေဖြင့် စိန်ခေါ်မှုများနှင့် အကာအကွယ်မဲ့မှုများ ရှိနေသည့်နေရာများကို ဖော်ထုတ် သတ်မှတ်ပြီး အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများကို လိုအပ်သလို အသုံးပြုနိုင်ပါသည်။ အချို့သော အရပ်ဒေသများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ယုံကြည်မှုတည်ဆောက်ထားပြီးဖြစ်ရာ အစိုးရနှင့် အစိုးရမဟုတ်သည့် အစုအဖွဲ့များအကြား ထိရောက်သော ပေါင်းစပ် ညှိနှိုင်းမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် အစုအဖွဲ့များ အတွက် သင်တန်းများစီစဉ်ပေးခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေပေးခြင်းဖြင့် ၎င်း အဖွဲ့အစည်းများ၏ COVID–19 တုံ့ပြန်ဆောင်ရွက်ချက်များအား ထိရောက်စွာ ကူညီပေးနိုင်မည်ဖြစ်ပါသည်။ ဒေသခံ အဖွဲ့အစည်းများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို နားလည်ရန်နှင့် ၎င်းတို့၏ စိန်ခေါ်မှုများအား မည်သို့ကူညီပေးနိုင် မည်ကို စဉ်းစားဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ဒေသခံအဖွဲ့အစည်းများထံသို့ ကွင်းဆင်း ဆောင်ရွက်သင့်ပါသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် ဒေသန္တရအဆင့် တုံ့ပြန်ဆောင်ရွက်မှုများကို သိရှိနိုင်ရန်၊ အကဲဖြတ် နိုင်ရန်နှင့် အောင်မြင်စွာဆောင်ရွက်နိုင်မှုများကို နားလည်ရန်အတွက် အခွင့်အလမ်းကောင်းများ ရရှိထားပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိမြို့နယ်အသီးသီးတို့တွင်ဆောင်ရွက်လျက်ရှိသည့်အလေ့အထကောင်းများကို ဝေမျှခြင်း၊ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များ၏ အတွေ့အကြုံများကို လေ့လာခြင်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသည် အဓိကကျသော အခန်းကဏ္ဍတွင် ရှိပါသည်။

## ၄။ နိဂုံး

COVID–19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) သည် ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ အစီအမံများကို ပေါင်းစပ်ထည့်သွင်းထားသည့် စီမံချက်ဖြစ်ကာ ထိရောက်စွာ အကောင်အထည်ဖော်မည်ဆိုပါက နိုင်ငံ တစ်ဝှမ်း ရင်ဆိုင်နေရသည့် အခက်အခဲများကို အနည်းဆုံးအဆင့်သို့ လျှော့ချနိုင်မည်ဖြစ်ပါသည်။ CERP အောက်တွင် ဖော်ပြထားသော တုံ့ပြန်ဆောင်ရွက်ချက်များ၏ ကျယ်ပြန့်မှုသည် ပြီးခဲ့သည့် ၆ လ အတွင်းက စဉ်းစားခြင်းမျှပင် မပြုနိုင် ခဲ့သောအချက်များဖြစ်သော်လည်း ယခုအခါတွင်မူ ယင်းတို့သည် လာမည့်လများအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေး အနာဂတ်ကို သိသိသာသာပုံဖော်တော့မည်ဖြစ်ပါသည်။

ထိုကဲ့သို့ အရေးကြီးသည့် မူဝါဒများအား ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပြည်ထောင်စု အစိုးရကသာ ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို ချန်လှပ်ခဲ့ရန်မှာ မဖြစ်နိုင်ပါ။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ များက CERP ပါ အဓိကအချက်များကို တိုက်ရိုက်ပံ့ပိုးခြင်း၊ CERP မူဘောင်ကို အသုံးပြုလျက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အားဖြည့်ထောက်ကူပေးနိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း တို့ဖြင့် မကြုံစဖူး ဤမူဝါဒဆိုင်ရာဆောင်ရွက်ချက်များမှ အကျိုးရလဒ်များ အမြင့်ဆုံးရရှိစေမည်ဖြစ်ပါသည်။

ကပ်ရောဂါအား ကနဦးတုံ့ပြန်သည့် ဆောင်ရွက်ချက်များတွင် ပြည်ထောင်စုအဆင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MOPFI) နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (MOHS)တို့က အဓိကတာဝန်ယူဆောင်ရွက်ခဲ့သော်လည်း အကာအကွယ်မဲ့သော အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအား ကာကွယ်ပေးမည့် CERP ၏ ပန်းတိုင်များ အောင်မြင်နိုင်ရန်အတွက်မှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ဒေသအပေါ်သိနားလည်မှုများနှင့်ဒေသခံကွန်ယက်များနှင့် ချိတ်ဆက်ထားနိုင်မှုတို့သည် အရေးပါလာမည်ဖြစ်ပါသည်။ CERP ကို အခြေခံ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် COVID-19 တုံ့ပြန် ဆောင်ရွက်ရေး စီမံချက် ၁၄ ခု ကို ချမှတ် အကောင်အထည်ဖော်ခြင်းဖြင့် လာမည့်လများအတွင်း ကြီးမားကျယ်ပြန့်သော အကျိုးရလဒ်များ ရရှိလာနိုင်မည်ဖြစ်ပါသည်။

## ENDNOTES

၁ Myanmar government Budget Speech for 2020-21 FY, July 2020. Alternative estimates by the World Bank suggests growth could fall as low as 0.5 percent.

၂ See The coronavirus slayer! How Kerala's rock star health minister helped save it from COVID-19 at https://www.theguardian.com/world/2020/may/14/the-coronavirus-slayer-how-keralas-rock-star-health-minister-helped-save-it-from-covid-19.

၃ See *An Overview of Germany's COVID-19 Response* At lgiu.org.

၄ See the IMF's COVID-19 Policy Tracker at IMF.org.

၅ See *Ugandan Local Governments: The Driving Force Behind the COVID-19 Response* at UNCDF.org.

၆ See *COVID-19 Impact on Businesses: A Survey (2020)* The Asia Foundation

၇ Ibid.

၈ See *Financing Local Development in Myanmar (2019)* Shotton, R.

၉ အကြမ်းအားဖြင့် ဆိုရပါမူ လက်ရှိတွင် တစ်နိုင်ငံလုံး၏အစိုးရ ငွေလုံးငွေရင်း အသုံးစရိတ်၏ ၄ ပုံ ၁ ပုံမှာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၏ ဘတ်ဂျက်မှ သုံးစွဲခြင်းဖြစ်ပါသည်။

၁၀ See ILO.org for more detail about the SSB.

၁၁ အချို့သော နည်းပညာများသည် လိုအပ်သော နည်းပညာကျွမ်းကျင်မှု၊ လုံခြုံရေးဆိုင်ရာ အန္တရာယ်နှင့် ကုန်ကျစရိတ်နှင့် ထုတ်ကုန်အချိုးအစားဆိုင်ရာ အလားအလာများအရ ပြည်ထောင်စုအစိုးရကသာ အကောင်းဆုံးဖော်ဆောင်နိုင်မည့် အနေအထားတွင် ရှိပါသည်။

၁၂ See *Swabs, staff and supply chains: How Myanmar cleared resource hurdles to ramp up COVID-19 testing* published by Frontier Myanmar on 10th June 2020.

၁၃ See Managing Municipal Revenues in the Time of COVID-19 (2020) at RIMyanmar.org

၁၄ See Reorienting the Budget (2020) at TheAsiaFoundation.org

UKaid
from the British people

This paper was generously funded by the UK government

To request copies of the report, please contact **Renaissance@RIMyanmar.org** or **myanmar.general@asiafoundation.org**.
We also welcome your feedback on the report.